သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ ညွှန်ကြားချက်များ

# (Community Forestry Instructions)

၁၃၈၁ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏
# အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၉)

Notification No. (69/2019)

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရည်ရွယ်ချက်များ | ၁ |
| ၂။ | အဓိပ္ပာယ်ဖော်ပြချက် | ၂ |
| ၃။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်နိုင်သည့် နေရာဒေသများ | ၄ |
| ၄။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်း (Community Forest based Enterprise-CFE) ထူထောင်ခြင်း | ၅ |
| ၅။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထားခြင်း | ၆ |
| ၆။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း | ၇ |
| ၇။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ရန် မြေခွဲဝေချထားခြင်း | ၉ |
| ၈၊ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုသည့်ကာလ | ၁၀ |
| ၉။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်း | ၁၀ |
| ၁၀၊ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ် | ၁၁ |
| ၁၁။ | သစ်တောဦးစီးဌာန၏ ကူညီပံ့ပိုးမှု | ၁၂ |
| ၁၂။ | အသုံးပြုသူများအဖွဲ့၏ တာဝန်များ | ၁၃ |
| ၁၃။ | အသုံးပြုသူများအဖွဲ့၏အခွင့်အရေးများ | ၁၄ |
| ၁၄။ | သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အခွန်အခများနှင့် ရောင်းဝယ်ဖောက်ကားခြင်း | ၁၆ |
| ၁၅။ | ရန်ပုံငွေ | ၁၇ |
| ၁၆။ | စျေးနှုန်းသတ်မှတ်ခြင်း | ၁၈ |

| Sr. | Contents | Page |
|---|---|---|
| 1. | Objectives | 1 |
| 2. | Definitions | 2 |
| 3. | Areas where Community Forest can be established | 4 |
| 4. | Developing Community Forest Enterprise | 5 |
| 5. | Application for the establishment of Community Forest | 6 |
| 6. | Permission for Community Forestry | 7 |
| 7. | Allotment of land for the Establishment of Community Forest | 9 |
| 8. | Duration of Land Lease for the Establishment of Community Forest | 10 |
| 9. | Preparing Management Plan | 10 |
| 10. | Community Forestry Certificate | 11 |
| 11. | Assistance from the Forest Department | 12 |
| 12. | Responsibilities of the FUG | 13 |
| 13. | Rights of the FUG | 14 |
| 14. | Harvesting forest products, transportation, taxes and marketing | 16 |
| 15. | Funds | 17 |
| 16. | Prices | 18 |

| စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| ၁၇။ | အရောင်းပြေစာများ | ၁၉ |
| ၁၈။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခွင့် | ၁၉ |
| ၁၉။ | တားမြစ်ချက်များ | ၂၀ |
| ၂၀။ | အရေးယူခြင်း | ၂၁ |
| ၂၁။ | ပယ်ဖျက်ခြင်း | ၂၁ |
| ၂၂။ | မှတ်တမ်းများ | ၂၂ |
| ၂၃။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတိုးတက်မှုအစီရင်ခံစာများ | ၂၂ |
| ၂၄။ | အထွေထွေ | ၂၃ |
| ၂၅။ | နောက်ဆက်တွဲများ | |

| Sr. | Contents | Page |
|---|---|---|
| 17. | Receipts | 19 |
| 18. | Permission for transportation of Forest Products of the Community Forest | 19 |
| 19. | Prohibitions | 20 |
| 20. | Penalties | 21 |
| 21. | Cancellation | 21 |
| 22. | Records | 22 |
| 23. | Reports | 22 |
| 24. | Miscellaneous | 23 |
| 25. | Appendices | |

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပြည်ထောင်စုဝန်ကြီးရုံး
# အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၉)
# နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း (၅) ရက်
# (၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်)
# ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များ
# (Community Forestry Instructions)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် သစ်တော ဥပဒေ ပုဒ်မ-၅၇၊ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤဒေသခံပြည်သူ အစုအဖွဲ့ ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ထုတ်ပြန်လိုက်သည်။

အခန်း (၁)

## ရည်ရွယ်ချက်များ

၁။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဒေသခံပြည်သူများအတွက် သစ်နှင့် သစ်မဟုတ်သော သစ်တော ထွက်ပစ္စည်း အစရှိသည့် သစ်တောနှင့်သစ်ပင်ဆိုင်ရာ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

(ခ) ဒေသခံပြည်သူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်း များ ရရှိပြီး ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရန်၊

(ဂ) သစ်တောဖုံးလွှမ်းသည့်ဧရိယာ ဖွံ့ဖြိုးတိုးတက်လာပြီး ရေရှည် တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊

(ဃ) ပြည်သူများပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စနစ်ကို မြှင့်တင်ရန်၊

**The Government of the Republic of the Union of Myanmar**

**Ministry of Natural Resources and Environmental Conservation**

**Office of the Union Minister**

**Notification No. (69/2019)**

**Nay Pyi Taw, the 13th Waxing Day of Kasone, 1381 M.E.**

**(8th May, 2019)**

# Community Forestry Instructions

In exercise of the power conferred by section 57, sub-session (b) of the Forest Law, the Ministry of Natural Resources and Environmental Conservation hereby issues the following Community Forestry Instructions.

## Chapter (1)

## Objectives

1. The objectives of the Community Forestry are as follows:

(a) To provide forest and tree related basic needs such as wood and non-wood forest products for local communities;

(b) To enhance employment and income opportunities for local community and reduce poverty;

(c) To increase forest covered area in a sustainable manner and to ensure sustainable utilization;

(d) To promote participatory forest management system, and

( င ) သစ်တောပြုန်းတီးခြင်းနှင့် အရည်အသွေး ကျဆင်းခြင်းတို့ကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အထောက်အကူ ဖြစ်စေနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွား လာစေရန်။

အခန်း (၂)

## အဓိပ္ပါယ်ဖော်ပြချက်

၂။ ဤညွှန်ကြားချက်တွင် ပါရှိသော စကားရပ်များသည် သစ်တောဥပဒေနှင့် သစ်တော နည်းဥပဒေများတွင် ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) **ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း** ဆိုသည်မှာ ဒေသခံ ပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သည့် ရေရှည် တည်တံ့စေသော သစ်တောသစ်ပင် စီမံအုပ်ချုပ်အသုံးပြုခြင်းဆိုင်ရာ သစ်တော လုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်အဆင့်မှ စီးပွားဖြစ် အဆင့်အထိ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ဖန်တီးရန်၊ အစားအစာ ထုတ်လုပ်ရန်၊ ဂေဟာစနစ်တည်ငြိမ်လာစေရန်နှင့် သဘာဝပတ်ဝန်း ကျင်အခြေအနေ ပိုမိုကောင်းမွန်လာစေရန် အစရှိသည့် ရည်ရွယ်ချက် များအနက် ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသည့် ရည်ရွယ်ချက်များအတွက် သစ်တောစိုက်ခင်း အသစ်များ တည်ထောင် ခြင်းနှင့် တည်ရှိနေသောသစ်တောများကို စီမံအုပ်ချုပ်ခြင်းတို့ပါဝင်သည်။

(e) To enhance environmental services that can support climate change mitigation and adaption through preventing deforestation and forest degradation.

## Chapter (2)

## Definitions

2. The expressions contained in this “instructions” shall have the same meanings given in the Forest Law and the Forest Rules. Moreover, the following expressions shall have the meanings given hereunder: -

(a) **Community Forestry** means all sustainable forest management and utilization activities, in which the local community itself is involved. This expression includes establishing new plantations and managing existing forests, to create employment and income opportunities from subsistence to commercial purpose, to generate food, to stabilize ecosystem and to improve the environmental conditions.

(ခ) **အသုံးပြုသူများအဖွဲ့** ဆိုသည်မှာ သစ်တောများအတွင်း သို့မဟုတ် သစ်တောများအနီး ငါးမိုင်ပတ်လည်အတွင်းတွင် ငါးနှစ် တစ်ဆက်တစ်စပ်တည်း အခြေချနေထိုင်ခဲ့သော ဒေသခံပြည်သူများအနက် သစ်တောလုပ်ငန်းကို စိတ်ဝင်စားပြီး သစ်တောကို အမှန်တကယ် မှီခိုအသုံးပြု၍ တိုက်ရိုက်အကျိုးသက်ဆိုင်သည့် အိမ်ထောင်စုများဖြင့် ဖွဲ့စည်းထားသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို ဆောင်ရွက်သည့်အဖွဲ့ကိုဆိုသည်။ သို့ရာတွင် အစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံလူထုက စီမံအုပ်ချုပ် လုပ်ကိုင်လာခဲ့သော သစ်တောများတွင်ဖြစ်စေ၊ ဒေသအခြေအနေအရဖြစ်စေ ခရိုင်သစ်တောအရာရှိက နေထိုင်သည့် နေရာအကွာအဝေး သို့မဟုတ် နေထိုင်ခဲ့သည့် အချိန်ကာလကို ကင်းလွတ်ခွင့် ပြုနိုင်သည်။

(ဂ) **ပြည်တွင်းပြည်ပအဖွဲ့အစည်း** ဆိုသည်မှာ ပြည်တွင်းမှ အစိုးရ အဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပြည်ပမှ အစိုးရ အဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သူများ** ဆိုသည်မှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ရန်အတွက် လျှောက်ထားရာတွင်လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ ဖွဲ့စည်းရာတွင် လည်းကောင်း၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲရာတွင် လည်းကောင်း၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်အရ သစ်တောလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဒေသခံပြည်သူများအား အကြံဉာဏ်များပေးခြင်း၊ အကူအညီပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကို ဆိုသည်။

(င) **အမွေဆက်ခံပိုင်ခွင့်** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေများအရ အမွေဆက်ခံပိုင်ခွင့်ရှိသူများအတွက် တရားဝင်အမွေဆက်ခံပိုင်ခွင့်ကို ဆိုသည်။

(b) **Community Forest User Group-CCFUG** or User Group means a group formed by households who have lived continuously for five years in or within 5 miles from the periphery of the forest. The group, interested in forest operations, and truly dependent on the forest for their livelihoods, is the direct beneficiaries of the forest and conducts community forestry activities. The distance and settlement time may be relaxed, if the forest has been traditionally and customarily managed by the local community, or if the District Forest Officer justifies to do so based on local circumstances.

(c) **Local and international organizations** mean local non-government organization (LNGO) or local government organization (LGO), and international non-government organization (INGO) or international government organization (IGO).

(d) **Facilitators** mean Forest Department staff and local or international organizations who give advice and assistance to the local community in applying for permission to practice community forestry, organizing User Group, preparing management plan and implementing forest operations as prescribed in the management plan.

(e) **Inheritance** means the legal right to inherit for the person who has the right pursuant to relevant laws.

(စ) **ဆောင်ရွက်ခွင့်လက်မှတ်** ဆိုသည်မှာ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကိုဆောင်ရွက်ခွင့်ပြုသည့် အထောက်အထားလက်မှတ် ကို ဆိုသည်။

(ဆ) **ပုံစံ** ဆိုသည်မှာ ဤညွှန်ကြားချက်တွင် ပါရှိသည့်ပုံစံများကို ဆိုသည်။

(ဇ) **ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှ ထွက်ရှိသော သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ အစားအစာ ထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့် ထုတ်လုပ်ခြင်း၊ ယင်းတို့ကို ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တည်ဆဲ ဥပဒေများ နှင့်အညီ ရောင်းဝယ်ဖောက်ကားခြင်း သို့မဟုတ် ဒေသခံပြည်သူ အခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းကို ပြုလုပ်သည့် စီးပွားရေး လုပ်ငန်းကို ဆိုသည်။

## အခန်း (၃)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်နိုင်သည့်နေရာဒေသများ

၃။ နိုင်ငံတော်အစိုးရနှင့် မြေကို စီမံခန့်ခွဲပိုင်ခွင့်ရှိသူ သို့မဟုတ် မြေပိုင်ရှင်တို့ထံမှ ခွင့်ပြုချက် ရရှိလျှင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းကို အောက်ဖော်ပြပါ မြေများတွင် တည်ထောင်နိုင်သည်-

(က) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေ များရှိ ကြားခံနယ်မြေများနှင့် အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေများ၊

(ခ) အစိုးရအဖွဲ့အစည်းများက စီမံခန့်ခွဲသည့် သစ်တောဖုံးလွှမ်းသည့် မြေများ၊

(ဂ) သစ်တောဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ)အရ အသိအမှတ်ပြုထားသည့် ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝသစ်တောများနှင့် ဒီရေတောများ။

(f) **Certificate** means the document (certificate) that allows the community to carry out community forestry.

(g) **Form** means the forms contained in this "instructions".

(h) **Community forest based enterprise-CFE** means harvesting of wood and non-wood forest products, foods, and value-added products from the community forest, and trading them in the local and international markets in accordance with the standing laws, or business conducting local community-based tourism.

## Chapter (3)

## Areas where Community Forest (CF) can be established

3. With the permission of the government and authorized person or the owner (s) of private- owned land, Community Forests can be established in the following areas:

(a) Reserved Forest, Protected Public Forest, buffer zones of protected areas and lands at the disposal of the government.

(b) Forest-covered lands managed by the government organizations.

(c) Natural forests and mangrove forests conserved by the local communities in accord with their tradition pursuant to section 7, sub-section (d) of the Forest Law.

၄။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဆောင်ရွက်ရန် အောက်ဖော်ပြပါ နေရာဒေသများတွင် ခွင့်ပြုမည်-

(က) သဘာဝတောများ ပျက်စီးပြုန်းတီးပြီး သဘာဝအလျောက် ပြန်လည်ဖြစ်ထွန်းရန် ခက်ခဲသောနေရာများ၊

(ခ) ဒေသလိုအပ်ချက်အတွက် သစ်တောထွက်ပစ္စည်းများနှင့် ဝင်ငွေအခွင့်အလမ်းများ ထောက်ပံ့ပေးနိုင်ရန်အလားအလာရှိသည့်နေရာများ၊

(ဂ) ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် သစ်တောဦးစီးဌာနမှ တည်ထောင်ခဲ့သည့် ကျေးရွာထင်းစိုက်ခင်းများ၊

(ဃ) မြေနှင့်ရေအရင်းအမြစ်များကိုထိန်းသိမ်းရန် လိုအပ်သည့်ဒေသများ၌ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းလုပ်ကိုင်ရန်သင့်လျော်သော နေရာများ၊

(င) အကြောင်းရင်းတစ်ခုခုကြောင့် ဒေသခံလူထုက စီမံအုပ်ချုပ်သင့်သည့် သဘာဝတောများ၊

(စ) အစဉ်အလာနှင့် ဓလေ့ထုံးစံအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော နေရာများ။

အခန်း (၄)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်း (Community Forest based Enterprise–CFE) ထူထောင်ခြင်း

၅။ သစ်တောဦးစီးဌာနသည် အသုံးပြုသူများအဖွဲ့က ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းကိုအခြေခံသော စီးပွားရေး လုပ်ငန်း (Community Forest based Enterprise-CFE) တည်ထောင်ခြင်းကို ခွင့်ပြုနိုင်သည်။

၆။ သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်း တည်ထောင်သည့် အသုံးပြုသူများအဖွဲ့သို့ အောက်ပါကိစ္စရပ်များတွင် ကူညီပံ့ပိုးမှုများရရှိနိုင်ရန် ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ စီးပွားရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးရမည်-

4. Community Forests will be permitted to be established in the following areas:

(a) Degraded natural forests where natural regeneration is difficult;

(b) Areas where there is potential to meet the local demand for forest products and income opportunities;

(c) With the permission of the Director-General of the Forest Department, village fuelwood plantations established by the Forest Department;

(d) Areas where soil and water resources conservation is needed, and suitable for the establishment of Community Forest;

(e) Natural forests which for various reasons should be managed by the local community;

(f) Forest lands traditionally and customarily managed by the local community.

## Chapter (4)

## Developing Community Forest Based Enterprise-CFE

5. The Forest Department should allow establishment of Community Forest-based Enterprise, by which the CFUG can produce forest products on commercial scale, make value added products and trade freely.

6. In the case mentioned above, the Forest Department shall communicate with the relevant departments, local and international organizations, business groups and private entrepreneurs, to be able to provide the following assistance to the CFUG:

(က) နည်းပညာနှင့် လူမှုစီးပွားရေးဆိုင်ရာ သင်တန်းများပေးခြင်းအားဖြင့် ဒေသခံ ပြည်သူများကို စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊

(ခ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောထွက်ပစ္စည်း အခြေခံသော စီးပွားရေးလုပ်ငန်းများ တည်ထောင်ခြင်း၊

(ဂ) ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဝယ်ယူသူများအကြား ပေါင်းစပ်ညှိနှိုင်းခြင်း၊

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ပိုမိုခိုင်မာတောင့်တင်းလာစေရန် ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှ အမျိုးသားအဆင့် အဖွဲ့အစည်း သို့မဟုတ် ကွန်ယက်များ ဖြစ်လာစေရန် ကူညီပံ့ပိုးခြင်း၊

(င) လုပ်ငန်းအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန် ချိတ်ဆက်ခြင်း၊

(စ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောမှ ထွက်ရှိသော သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းနှင့် သစ်တောကို အခြေခံသော ဝန်ဆောင်မှုများကို နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်းများ၏ ထောက်ခံချက် ရရှိစေရန် ချိတ်ဆက်ပေးခြင်း၊

(ဆ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း။

## အခန်း (၅)
## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လျှောက်ထားခြင်း

၇။ (က) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်လိုသော ဒေသခံပြည်သူများသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်လိုသော အိမ်ထောင်စုများဖြင့် အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းရမည်။

(a) Improve capacity of the local community through technical and socio-economic trainings;

(b) Form Community Forest product-based enterprise;

(c) Develop producer-consumer partnership to secure investment;

(d) Assist in the formation of national level association or networks through the formation of village, township, district and the Union territory (Nay Pyi Taw), state/regional level associations or networks, in order to strengthen Community Forestry or Community Forest based Enterprises;

(e) Facilitate to obtain capital investment needed for Community Forestry;

(f) Collaborate to get certification by international organizations, for wood and non-wood forest products and for forest-based services derived from Community Forests;

(g) With the approval of the Ministry of Natural Resources and Environmental Conservation operate ecotourism in Community Forest based Enterprises.

## Chapter (5)

## Application for the establishment of Community Forest

7. (A) The community which wants to apply for the establishment of community forest shall pursue the following steps:

(i) CFUG shall be formed with households that are interested in Community Forestry;

(၂) သစ်တောကို အမှန်တကယ် မှီခိုအသုံးပြုနေသော တိုက်ရိုက်အကျိုး သက်ဆိုင်သူများဖြင့် ဖွဲ့စည်းရမည်။

(၃) ထိုသို့ဖွဲ့စည်းရာတွင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သူများနှင့် တိုင်ပင်၍ အကြံဉာဏ် ရယူနိုင်သည်။

(၄) အသုံးပြုသူများအဖွဲ့သည် ယင်း၏ အဖွဲ့ဝင်များထဲမှ အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ထားသော ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် အဖွဲ့ဝင်နှစ်ဦးတို့ဖြင့် စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်။

(၅) ယင်းကော်မတီဖွဲ့စည်းရာ၌ ကျား မ တန်းတူရည်တူရှိမှုကို ထည့်သွင်း စဉ်းစားရမည်။

(၆) စီမံခန့်ခွဲမှုကော်မတီကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

(၇) အသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်စာရင်းပြောင်းလဲခြင်းကို အဖွဲ့ဝင်အများစု၏သဘောတူညီချက်ဖြင့်စီမံခန့်ခွဲမှုကော်မတီက အတည်ပြု ဆောင်ရွက်နိုင်သည်။

(ခ) အသုံးပြုသူများအဖွဲ့ ဥက္ကဋ္ဌသည် အသုံးပြုသူများအဖွဲ့ကိုယ်စား ဆောင်ရွက်ခွင့် လက်မှတ်ရရှိရန် မြို့နယ်သစ်တောအရာရှိမှတစ်ဆင့် ခရိုင်သစ်တောအရာရှိထံ ပုံစံ-က ဖြင့် လျှောက်ထားနိုင်သည်။

အခန်း (၆)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း

၈။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်လိုပါက သစ်တော ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် သစ်တောအရာရှိထံမှ ကြိုတင်ခွင့်ပြုချက် ရယူဆောင်ရွက်နိုင်သည်။

(ii) The CFUG must be formed with direct beneficiaries whose livelihoods depend truly on forest;

(iii) In the formation of the CFUGs facilitators must be consulted and their suggestions received;

(iv) Each CFUG shall form a Management Committee (MC) consisting of a chairman, a secretary, a treasurer and two members, with persons elected unanimously from among the CFUG members;

(v) Gender equity shall be considered in the formation of the MC;

(vi) The number of the members of the MC can be increased as necessary;

(vii) With majority approval of the CFUG the MC can change the list of the members of the CFUG.

(B) On behalf of the CFUG, the chairman of the MC can apply for Community Forestry Certificate, to the District Forest Officer through Township Forest Officer, using Form A.

## Chapter (6)

## Permission for Community Forestry

8. The Director-General of the Forest Department can grant permission for Community Forestry in accordance with section 12, sub section (d) of the Forest Law.

၉။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (ခ)အရ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်ပြုသည့် လုပ်ပိုင်ခွင့်များကို ခရိုင်သစ်တောအရာရှိအား လွှဲအပ်နိုင်သည်။

၁၀။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လျှောက်လွှာ လက်ခံ ရရှိပါက ခရိုင်သစ်တောအရာရှိသည် -

(က) လျှောက်ထားခြင်းကို သဘောတူလက်ခံပါက ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ရန်နေရာကို စိစစ်အတည်ပြုပေးရမည်။ အဆိုပါမြေသည် သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ ကြားခံနယ်မြေများဖြစ်ပါက သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ရယူ၍ ခရိုင်သစ်တောအရာရှိမှအတည်ပြုပေးရ မည်။

( ခ ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့် လျှောက်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်အသေးစိတ်ကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိထံ မြေပုံနှင့် တကွ အချက်အလက်ပြည့်စုံစွာ အစီရင်ခံတင်ပြပြီး၊ မိတ္တူကို သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရမည်။

( ဂ ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ရန် လျှောက်ထားလာသောမြေသည် သစ်တောဦးစီးဌာနမှ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသည့်မြေ မဟုတ်ခဲ့လျှင် ခရိုင်သစ်တောအရာရှိသည် အဆိုပါမြေကို စီမံခန့်ခွဲလျက်ရှိသည့်ဌာန သို့မဟုတ် အဖွဲ့အစည်း၏ အတည်ပြုချက်ရယူရမည်။

9. The Director-General of the Forest Department can delegate the power to the District Forest Officer pursuant to section 50, sub-section (b) of the Forest Law.

10. Upon receipt of the application for establishment of Community Forest, the District Forest Officer shall pursue the following steps of actions:

    (a) If the application is accepted, the District Forest Officer shall identify and specify the site for the establishment of the Community Forest. If the land applied for is a buffer zone of a Protected Area, the District Forest Officer must confirm the site with the approval of the Director -General.

    (b) The District Forest Officer shall then submit the detailed report of action on application for the establishment of the Community Forest with related maps attached to the State/Regional Forest Officer, and a copy shall be forwarded to the Director- General.

    (c) If the land applied for the establishment of the Community Forest is not under the management of the Forest Department, the District Forest Officer must get approval to use the land from the department or organization which is managing that land.

အခန်း (၇)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ရန်မြေခွဲဝေချထားခြင်း

၁၁။ ခရိုင်သစ်တောအရာရှိသည် အသုံးပြုသူများအဖွဲ့အား သစ်တောမြေနေရာ ခွဲဝေ ချထားရာတွင် သီးခြားအခြေအနေအလိုက် အောက်ပါအချက်များကို အခြေခံ၍ ဧရိယာ သတ်မှတ် ပေးရမည်-

(က) လျှောက်ထားသည့်ဒေသ၊ ရာသီဥတုအခြေအနေ၊ မြေအမျိုးအစား၊ စိုက်ပျိုး မည့် သစ်မျိုး၊ စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်မှု၊

( ခ ) ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းနှင့် အစဉ်အလာအရ သတ်မှတ်ဆုံးဖြတ် ထားသည့် ဧရိယာနယ်နိမိတ် ပိုင်းခြားထားရှိမှု၊

( ဂ ) အသုံးပြုသူများအဖွဲ့တွင် ပါဝင်သည့် အိမ်ထောင်စုအရေအတွက်၊

(ဃ) အိမ်ထောင်စုတစ်ခုချင်းစီ၏ စီမံလုပ်ကိုင်နိုင်စွမ်းအခြေအနေ၊

(င) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် အလားအလာရှိသော လုပ်ငန်းပမာဏ။

၁၂။ ခရိုင်သစ်တောအရာရှိသည် အသုံးပြုသူများအဖွဲ့၏ စီမံခန့်ခွဲမှုကော်မတီက အဖွဲ့ဝင် အိမ်ထောင်တစ်စုစီအတွက် ခွဲဝေနေရာချထားပေးရန် လိုအပ်လျှင် ခွဲဝေ ပေးရမည့် မြေဧရိယာ ပမာဏကို ဒေသ၊ ရာသီဥတုအခြေအနေ၊ မြေအမျိုးအစား၊ စိုက်ပျိုးမည့်သစ်မျိုး၊ စိုက်ပျိုးပြုစု ထိန်းသိမ်းနိုင်မှု၊ အိမ်ထောင်စုတစ်ခုချင်းအလိုက်မှ စီမံလုပ်ကိုင်နိုင်စွမ်း အစရှိသည်တို့အပေါ် မူတည်၍ သတ်မှတ်နိုင်ရေးအတွက် အကြံဉာဏ်တောင်းခံပါက အကြံပြုပေးရမည်။ အသုံးပြုသူများအဖွဲ့အတွင်းရှိ အိမ်ထောင်စုတစ်ခုချင်း၏ မြေဧရိယာပိုင်ဆိုင်မှုကို အများသဘောတူ အတည်ပြု သတ်မှတ်ထားပြီးဖြစ်ပါက အဆိုပါ မြေဧရိယာခွဲဝေသတ်မှတ်မှုကို ခရိုင်သစ်တော အရာရှိမှ အလေးထားစဉ်းစားပေးရမည်။

# Chapter (7)

## Allotment of land for the Establishment of Community Forest

11. The allotment of land to a CFUG should be situation-specific. The District Forest Officer shall take the following factors into consideration:

(a) Location, climatic conditions, and soil type of the site, tree species to be planted and capacity of the CFUG for operations and maintenance;

(b) Boundary of the area demarcated and accepted in accordance with the local customs and traditions;

(c) The number of households in the CFUG;

(d) Managerial capacity of each household;

(e) The objective of Community Forestry and its potential workload.

12. If it is required to allocate the land for each household of the CFUG, the District Forest Officer shall advise the management committee, upon request, to determine the size of the land to be allocated, in accordance with the climatic conditions, soil type, tree species to be planted, capacity for operations and maintenance and managerial capacity of each household. In case, the CFUG has already determined the land ownership of each household with consensus, the District Forest Office shall take it into priority consideration.

အခန်း (၈)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုသည့်ကာလ

၁၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ရန်ခွင့်ပြုခြင်း ကာလကို ကနဦးအဖြစ် နှစ်(၃၀) သတ်မှတ်သည်။

၁၄။ (က) အပိုဒ် ၁၃ အရ ခွင့်ပြုကာလ ကုန်ဆုံးပြီးနောက် အသုံးပြုသူများအဖွဲ့၏ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆန္ဒတို့အပေါ် မူတည်၍ ခရိုင်သစ်တောအရာရှိက တစ်ကြိမ်လျှင် နှစ်(၃၀)အထိ အကြိမ်ကြိမ် သက်တမ်းတိုးပေးနိုင်သည်။

(ခ) သက်တမ်းတိုးမြှင့်လိုပါက ခွင့်ပြုသက်တမ်းကာလမကုန်ဆုံးမီ (၆)လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် မြို့နယ်သစ်တောအရာရှိမှတဆင့် ခရိုင်သစ်တော အရာရှိ ထံ လျှောက်ထားရမည်။

အခန်း (၉)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ရေးဆွဲခြင်း

၁၅။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ရန် မြေနေရာ အတည်ပြုချက်ကို ခရိုင်သစ်တောအရာရှိထံမှ ရရှိသည့်အခါ အသုံးပြုသူများအဖွဲ့ သည် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက် (Management Plan-MP)ကို သက်ဆိုင်ရာ ညှိနှိုင်း ပေါင်းစပ်သူများ၏ အကြံဉာဏ်များ ရယူရေးဆွဲ နိုင်ပြီး ပုံစံ–ခ ပါ သတ်မှတ်ချက်များ နှင့် အညီ ရေးဆွဲပြီး ခရိုင်သစ်တောအရာရှိထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၆။ အသုံးပြုသူများအဖွဲ့သည် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ကို ပြန်လည်ပြင်ဆင် လိုပါက သစ်တောဦးစီးဌာန၏ အကြံဉာဏ်ကိုရယူ၍ ပြန်လည်သုံးသပ်ပြင်ဆင် နိုင်သည်။ သုံးသပ်ပြင်ဆင်ပြီးသည့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ခရိုင်သစ်တော အရာရှိထံ တင်ပြပြီး အတည်ပြုချက် ရယူရမည်။

## Chapter (8)

## Duration of Land Lease for the Establishment of Community Forest

13. The duration of land lease for the establishment of Community Forest is initially set for (30) years.

14. (a) Upon termination of the initial period as prescribed in paragraph 13 above, depending on the performance and the desire of the CFUG, the District Forest Officer can extend the duration for 30 years at a time, and as many times as appropriate.

(b) If the CFUG wishes to extend the duration of the land lease, it must submit a formal application to the District Forest Officer through Township Forest officer six months before its termination.

## Chapter (9)

## Preparing Management Plan

15. Upon receipt of permission from the District Forest Officer (DFO) to use land to establish a Community Forest, the CFUG shall prepare the management plan, using Form (B), in consultation with facilitators; and submit it to the DFO for confirmation.

16. If the CFUG wishes to revise the management plan, it can do so with the advice of the Forest Department and shall submit the revised MP to the DFO for confirmation.

အခန်း (၁၀)

## ဒေသခံပြည်သူအစုဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့်လက်မှတ်

၁၇။ ခရိုင်သစ်တောအရာရှိသည်-

(က) အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ကို အတည်ပြုပြီးနောက် အသုံးပြုသူများအဖွဲ့သို့ ဆောင်ရွက်ခွင့်လက်မှတ် (Community Forestry Certificate) ကို ပုံစံ-ဂ ဖြင့် ထုတ်ပေးရမည်။

(ခ) ဆောင်ရွက်ခွင့်လက်မှတ်ပါ တားမြစ်ချက်များတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အမျိုးအစားအလိုက် လိုက်နာရမည့် စည်းကမ်းချက်များကို သီးခြားသတ်မှတ်နိုင်သည်။

၁၈။ အသုံးပြုသူများအဖွဲ့သည် တည်ဆဲ သစ်တောဥပဒေနှင့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက ခရိုင်သစ်တောအရာရှိသည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သစ်တောအရာရှိ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်လက်မှတ်ကို ပြန်လည် ရုတ်သိမ်း နိုင်သည်။

၁၉။ ပြည်ထောင်စုနယ်မြေ နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိ၏ သဘောတူညီချက်ဖြင့် ခရိုင်သစ်တောအရာရှိက ဆောင်ရွက်ခွင့် လက်မှတ် ပြန်လည်ရုတ်သိမ်းခြင်းကို အသုံးပြုသူများအဖွဲ့မှ ကျေနပ်မှု မရှိပါက အသုံးပြုသူများအဖွဲ့သည် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ရက်ပေါင်း(၉၀)အတွင်း အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## Chapter (10)

## Community Forestry Certificate

17. District Forest Officer

(a) Upon confirmation of the management plan, District Forest Officer shall issue the Community Forestry Certificate, Form (C), to the User Group.

(b the Community Forestry Certificate regulations that must be followed by type of forest enterprise.

18. The CFUG shall abide by existing forest law, forest rules, regulations and prescriptions of the MP; and if found neglected or violated, District Forest Officer may revoke the certificate with the approval of the Union territory (Nay Pyi Taw), State/Regional Forest Officer.

19. The CFUG, if it is dissatisfied with the decision made by the DFO by the approval of the Union territory (Nay Pyi Taw), State/Regional Forest Officer, may file an appeal to the Director-General within ninety days from the date of decision. The decision of the Director-General shall be final and conclusive.

အခန်း (၁၁)

## သစ်တောဦးစီးဌာန၏ကူညီပံ့ပိုးမှု

၂၀။ သစ်တောဦးစီးဌာနသည် အသုံးပြုသူများအဖွဲ့အား အောက်ဖော်ပြပါ အကူအညီများ ကို ပေးရမည်-

(က) သစ်တောစိုက်ခင်းတည်ထောင်ရန်အတွက် ပထမခုတ်ပတ်အတွက် စိုက်ပျိုး ရန် လိုအပ်သောသစ်စေ့နှင့်ပျိုးပင်များပံ့ပိုးပေးခြင်း၊

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို စီမံအုပ်ချုပ်ခြင်း၊ သစ်တော စိုက်ပျိုးပြုစုခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်းတို့ အတွက် လိုအပ်သော နည်းပညာအကူအညီများပေးခြင်း၊

(ဂ) သစ်တောထွက်ပစ္စည်း စနစ်တကျ ထုတ်လုပ်ရန် ကြီးကြပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားနိုင်ရန် ညှိနှိုင်းပေးခြင်း၊

(ဃ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် သက်ဆိုင်သော အငြင်းပွားမှုများကို ကူညီဖြေရှင်းပေးခြင်း၊

(င) တရားမဝင်ကျူးကျော်ဝင်ရောက်ခြင်း၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအား တရားမဝင်ထုတ်ယူခြင်း၊ ဖျက်စီးခြင်း ကိစ္စရပ်များတွင် ဥပဒေ ကြောင်းဆိုင်ရာ အကူအညီများပေးခြင်း၊

(စ) အသုံးပြုသူများအဖွဲ့အပေါ် လွှမ်းခြုံသက်ရောက်နိုင်သည့် အမိန့် ညွှန်ကြားချက်များအား အသိပေးခြင်း၊

(ဆ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ဧရိယာများတွင် အခြားစီမံကိန်း များ ဆောင်ရွက်ပါက သစ်တောသစ်ပင်တန်ဖိုး၊ သီးနှံပင် တန်ဖိုးနှင့် ဆုံးရှုံးမှုများကို လျော်ကြေးများအဖြစ် တောင်းဆိုလာလျှင် ဥပဒေ ကြောင်းအရ ကူညီဆောင်ရွက်ပေးခြင်းနှင့် သင့်လျော်သည့် သတ်မှတ် ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

## Chapter (11)

## Assistance from the Forest Department

20. The Forest Department must provide the following assistance to the CFUG:

(a) Seeds and seedlings required for first rotation of forest plantation establishment;

(b) Technical assistance for management of Community Forest and harvesting forest products;

(c) Oversee for systematic extraction of forest products and facilitate the trade;

(d) Assist in resolving conflicts concerning Community Forestry;

(e) Assist in the enforcement of law in cases of encroachments, illegal extraction of wood and non-wood forest products and other destructions;

(f) Raise awareness of the CFUG about departmental instructions which may have impacts on it;

(g) In case of claims made by the CFUG for compensation for values of crops and other losses due to implementation of other projects in the Community Forest area, assist the CFUG legally and coordinate with concerned departments and organizations in order to get the compensation in time.

၂၁။ သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပါဝင်ကူညီ ပံ့ပိုးမှုကို အားပေးရမည်-

(က) ဒေသခံပြည်သူများအား အသိပညာနှင့်စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊

( ခ ) နည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်နှင့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီ များပေးခြင်း၊

( ဂ ) အဖွဲ့အစည်းများကို ကွန်ယက်အဖြစ်ဆက်သွယ်နိုင်ရန်ညှိနှိုင်းပေးခြင်း။

## အခန်း (၁၂)

## **အသုံးပြုသူများအဖွဲ့၏တာဝန်များ**

၂၂။ အသုံးပြုသူများအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်နှင့် အညီ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း သို့မဟုတ် လက်ရှိ သဘာဝ သစ်တောများကို ပိုမိုတိုးတက်ကောင်းမွန်အောင် လိုအပ်သလို ပြုစု ထိန်းသိမ်းခြင်း၊

(ခ) သစ်တောစိုက်ခင်း ပထမခုတ်ပတ်ကာလ နောက်ပိုင်းမှစ၍ သစ်တော ဦးစီးဌာန၏ ကြီးကြပ်မှုခံယူ၍ မိမိတို့၏အစီအစဉ်ဖြင့် မြေပြုပြင်ခြင်း၊ သစ်စေ့စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊

(ဂ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောအား ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်း၊

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဧရိယာအတွင်း ပြင်ပမှဝင်ရောက် ထုတ်ယူခြင်း၊ ကျူးကျော်ခြင်းများအား ကာကွယ်ခြင်း၊ ယင်းတို့ကို ကာကွယ်ရာတွင် သစ်တောဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၏ အကူ အညီကိုရယူခြင်း၊

21. The Forest Department shall encourage participation and support of concerned departments, local and international organizations, business groups and private entrepreneurs regarding the following Community Forestry activities:

a. Enhancing knowledge and capacity of local communities;
b. Providing techniques, markets, information and financial assistance; and
c. Facilitating for networking of different groups.

## Chapter (12)

## Responsibilities of the CFUG

22. The responsibilities of the CFUG include-

(a) Establish forest plantations and/ or take necessary actions to improve existing natural forests in accordance with the Community Forest Management Plan;

(b) After the first rotation of the forest plantation, carry out, under the supervision of the Forest Department, site preparation, seed collection, nursery works, planting and tending operations, following its own program;

(c) Sustainably manage and utilize Community Forest;

(d) Get support from the forest department and other related departments in protecting against illegal exploitations and encroachments inside Community Forest;

(င) ပြည်တွင်းပြင်ပအဖွဲ့အစည်းတစ်ခုခု၏ အကူအညီ အထောက်အပံ့များကို ရယူဆောင်ရွက်ပါက သစ်တောဦးစီးဌာနသို့ အစီရင်ခံ တင်ပြခြင်း၊

(စ) ရရှိလာသည့် အကျိုးအမြတ်ကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့်အညီ အချိုးကျ ခွဲဝေပေးခြင်း၊

(ဆ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအဆင့်ဆင့်ဆိုင်ရာ ဝင်ငွေထွက်ငွေ စာရင်းများ၊ အစီရင်ခံစာ၊ မှတ်တမ်းများကိုပြုစု၍ စနစ်တကျ ထိန်းသိမ်းထားရှိခြင်းနှင့် တင်ပြအစီရင်ခံခြင်း၊

(ဇ) သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့်အချက်များကို အခြေခံ၍ အဖွဲ့တွင်း စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲခြင်း၊

(ဈ) အသုံးပြုသူအဖွဲ့၏အဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ အမည်စာရင်း ပြောင်းလဲခြင်းကို သစ်တောဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ည) သစ်တောဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်း စည်းကမ်းများနှင့် သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဋ) မိမိအသုံးပြုသော ကိုယ်ပိုင်တံဆိပ်များကို သက်ဆိုင်ရာ ခရိုင်သစ်တောရုံးတွင် မှတ်ပုံတင်ရမည်။

## အခန်း (၁၃)

## **အသုံးပြုသူများအဖွဲ့၏အခွင့်အရေးများ**

၂၃။ အသုံးပြုသူများအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်များသည် အောက်ဖော်ပြပါ အခွင့်အရေးများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိစေရမည်-

(က) မိမိ၏ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆိုင်ရာဆိုင်ခွင့်ကို အမွေ ဆက်ခံပိုင်ခွင့်ရှိသူသို့ အမွေဆက်ခံခွင့်လွှဲအပ်ခြင်း၊

(e) Report to the Forest Department, if support is received from outside organization;

(f) Distribute the benefits received from the CF equitably in accordance with the MP;

(g) Prepare, report as required by the MP and keep systematically all CF related incomes and expenditures, records and documents;

(h) Formulate the CFUG's internal rules and regulations based on the instructions of the Forest Department;

(i) Report to the Forest Department the changes of the CFUG and the MC members;

(j) Abide by the Forest Law, Forest Rules, Procedures, Community Forestry Instructions and Regulations, and the Instructions periodically issued by the Forest Department.

(k) Register personal seals/stamps at the concerned District Forest office.

## Chapter (13)

## Rights of the CFUG

23. The CFUG or the CFUG members shall have the following rights in accordance with the existing laws, rules and procedures -

(a) Right of permitting his/her legitimate heir (s) to inherit his/her own assets related to Community Forestry;

(ခ) အဖွဲ့ဝင်အများစု၏ သဘောတူညီချက်၊ စီမံခန့်ခွဲမှုကော်မတီက အတည်ပြုချက်ဖြင့် အသုံးပြုသူများအဖွဲ့ဝင် စာရင်း ပြောင်းလဲခြင်း၊

( ဂ) အဖွဲ့ဝင်အများစု၏သဘောတူညီချက်ဖြင့် ကော်မတီဝင်များ ပြောင်းလဲခြင်း၊

(ဃ) သစ်တောနယ်မြေအတွင်း တည်ထောင်သော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများအတွက် မြေငှားရမ်းခ ကင်းလွတ်ခွင့်ရရှိခြင်း၊

(င) ပြည်တွင်းပြည်ပအဖွဲ့အစည်းများထံမှ နည်းပညာ၊ လုပ်ငန်းသုံးပစ္စည်း ကိရိယာများနှင့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီများ လက်ခံခြင်း၊

(စ) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသနှင့်သင့်လျော်သည့် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းစနစ် အမျိုးမျိုးကို ကျင့်သုံးနိုင်ခြင်း၊

(ဆ) မိမိတို့စီမံအုပ်ချုပ်ပိုင်ခွင့်ရှိသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏ ထာဝစဉ် တည်တံ့စေသော မူလရည်ရွယ်ချက်ကို ထိခိုက်မှုမရှိစေလျှင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်နှင့်အညီ သဘာဝတောမှ သစ်နှင့် သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲခြင်း၊

(ဇ) သစ်နှင့်သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူရန်နှင့် ဈေးကွက်ဝင် ပစ္စည်းများအဖြစ် ထုတ်လုပ်ခွင့်ကို စီးပွားဖြစ် လုပ်ကိုင်နိုင်မည့် လုပ်ငန်းများအဖြစ် လွတ်လပ်သော တရားဝင် အဖွဲ့အစည်းအဖြစ်ဖွဲ့စည်းခြင်း၊

(ဈ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော ဧရိယာများတွင် အခြားစီမံကိန်းများ ဆောင်ရွက်ပါက သစ်တောသစ်ပင်၊ စိုက်ပျိုးသီးနှံတန်ဖိုးနှင့် ဆုံးရှုံးမှုများအတွက် လျော်ကြေးများကို တောင်းဆိုနိုင်ခြင်း။

(b) Right of the MC to change user group member list with the consent of the majority of the CFUG members;

(c) Right to change the members of the MC with the consent of the majority of the CFUG members;

(d) Right to enjoy exemption of land-lease fee for those community forests established in the forest land;

(e) Right to accept techniques, equipment, and financial supports from local and international organizations;

(f) Right to apply any agroforestry system (s) that is suitable for local conditions, in implementing community forestry;

(g) Right to harvest and utilize wood and other forest products systematically from natural forest in accordance with the MP without negatively impacting the original objective to sustain the CF;

(h) Right to form independent legal enterprises which can harvest and commercialize wood and non-wood forest products;

(i) Right to claim compensations for loss of forest trees, crops and other damages due to implementation of other projects in the Community Forest.

အခန်း (၁၄)

## သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ အခွန်အခများနှင့် ရောင်းဝယ်ဖောက်ကားခြင်း

၂၄။ အသုံးပြုသူများအဖွဲ့ကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ဖော်ပြထားသည့် အတိုင်း သစ်တော ထွက်ပစ္စည်းများကို ထုတ်ယူခွင့်ပြုနိုင်သည်။ ဤသို့ထုတ်ယူရာတွင် စီးပွားဖြစ် ထုတ်ယူမှုများအတွက် သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၂၅။ စီးပွားဖြစ်ဟုတ်သည့် မိမိသုံး၊ လယ်ယာလုပ်ငန်းသုံး သို့မဟုတ် ငါးဖမ်း လုပ်ငန်းသုံးအတွက် သစ်တောထွက်ပစ္စည်းများကို သစ်တောဥပဒေ ပုဒ်မ ၁၇ အရ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အရေအတွက်ထက် မကျော်လွန်ပါက သစ်တော ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်။ သို့သော် အသုံးပြုသူများအဖွဲ့သည် မြို့နယ်သစ်တောအရာရှိမှ တစ်ဆင့် ခရိုင်သစ်တောအရာရှိ ထံသို့ သစ်တောထွက်ပစ္စည်းများ ထုတ်ယူသည့် အသေးစိတ် အစီရင်ခံစာကို တစ်ပတ် အတွင်း တင်ပြရမည်။ မြို့နယ်အတွင်း ရွှေ့ပြောင်းခြင်းကို မူလထုတ်ယူမှု မှတ်တမ်း တွင်ရေးသွင်းဖော်ပြ ထားရမည်။

၂၆။ အသုံးပြုသူများအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်များက မိမိကိုယ်ပိုင် အသုံးပြုရန် ထုတ်ယူသော သစ်တောထွက်ပစ္စည်းများပေါ်တွင် အခွန်ငွေ ကင်းလွတ်ခွင့်ပြုသည်။ ခါးလည် လုံးပတ် တစ်ပေနှင့် အထက် တိုင်နှင့်သစ်လုံးများဖြစ်ပါက သစ်တောဦးစီး ဌာနက အခွန်လွတ် တံဆိပ် ရိုက်မှတ်ပေးရမည်။

၂၇။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်းများကို မိမိကျေးရွာ အတွင်း ကျေးရွာနေ သူများ အသုံးပြုရန် သင့်တင့်သော ဈေးဖြင့် ရောင်းချနိုင်သည်။ ယင်းသစ်တောထွက်ပစ္စည်းများ ရောင်းချခြင်းဖြင့်ရရှိငွေသည် သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော အခွန်အခကင်းလွတ်ခွင့်ရရှိမည် ဖြစ်သော်လည်း ထိုသို့ ရောင်းချ ရန် ထုတ်လုပ်ခြင်းကို စီးပွားဖြစ် ထုတ်ယူမှုအဖြစ် သတ်မှတ်သည်။ ခါးလည် လုံးပတ် တစ်ပေနှင့်အထက် တိုင်နှင့် သစ်လုံးများဖြစ်ပါက သစ်တောဦးစီးဌာနက အခွန်လွတ် တံဆိပ် ရိုက်မှတ်ပေးရမည်။

# Chapter (14)

## Harvesting forest products, transportation, taxes and marketing

24. The CFUG is allowed to harvest forest products in compliance with the prescriptions of the Management Plan. Prior permission from the Forest Department is required for commercial harvesting.

25. Prior permission from the Forest Department is not required for non-commercial harvesting of personal or farming or fishery use. However, the CFUG shall submit the detailed report of harvesting of forest products to the District Forest Officer through Township Forest Officer within one week. Transportation within the township shall be noted in the primary harvesting record.

26. No tax shall be levied for forest products harvested by the CFUG or CFUG members for personal use. For harvesting of poles and posts having mid-girth of more than one foot, the Forest Department shall affix the mark of exemption of royalty on them.

27. Forest products from the Community Forests can be sold at reasonable prices within the village. Tax shall be exempted by the Forest Department on the sale of these products, but this is recognized as commercial scale production. For harvesting of poles and posts having mid girth of more than one foot, the Forest Department shall affix the mark of exemption of royalty on these products.

၂၈။ အသုံးပြုသူများအဖွဲ့သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်းများကို ကျေးရွာပြင်ပသို့ ရောင်းချနိုင်သည်။ ဤသို့ ကျေးရွာပြင်ပသို့ သစ်တောထွက်ပစ္စည်းများ သယ်ယူ ရောင်းချရာတွင် သစ်တောဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ သတ်မှတ်ထားသော အခွန်အခများကို ပေးဆောင်ရမည်ဖြစ်ပြီး ထိုသို့ရောင်းချရန် ထုတ်လုပ်ခြင်းကို စီးပွားဖြစ် ထုတ်ယူမှုအဖြစ် သတ်မှတ်သည်။ ခါးလည်လုံးပတ် တစ်ပေနှင့်အထက် တိုင်နှင့်သစ်လုံးများဖြစ်ပါက သစ်တောဦးစီးဌာနက သီးခြားအကောက်တံဆိပ်ပြဌာန်း၍ ရိုက်မှတ်ပေးရမည်။

၂၉။ အသုံးပြုသူများအဖွဲ့သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းများကိုပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ သယ်ယူပို့ဆောင်ခွင့်နှင့် ရောင်းချခွင့် ရှိသည်။

၃၀။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော အသုံးပြုသူအဖွဲ့များ အချင်းချင်း စီးပွားရေး ဆိုင်ရာကိစ္စများ ထိရောက်စွာဆောင်ရွက်နိုင်ရန် (ဥပမာ-သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန်နှင့် တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ရန်) အသင်းအဖွဲ့များအဖြစ် လွတ်လပ်စွာ ဖွဲ့စည်း နိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေ

၃၁။ အသုံးပြုသူများအဖွဲ့ပိုင်ဆိုင်သော ရန်ပုံငွေကို အောက်ပါအတိုင်းစီမံခန့်ခွဲရမည်-

(က) မည်သည့်ဝင်ငွေကိုမဆို ဘဏ်စာရင်းဖွင့်၍ အပ်နှံထားရမည်။

(ခ) ဘဏ်စာရင်းကို အသုံးပြုသူများအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့တွဲ၍ ဖွင့်လှစ်ထားရှိရမည်ဖြစ်ပြီး အနည်းဆုံးနှစ်ဦးမှ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်သော ဘဏ်စာရင်းအဖြစ် ထားရှိရမည်။

(ဂ) ဘဏ္ဍာရေးမှူးသည် ရန်ပုံငွေရရှိခြင်း၊ သုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ တိကျစွာ စာရင်းပြုစုထားရှိရမည်။

28. Forest products of Community Forest~~s~~ can be sold out of the village, i.e. to non-members. Prescribed tax shall be levied by the Forest Department and by the concerned departments for these outside-village sales, and this production is recognized as commercial production. For harvesting of poles and posts having mid girths of more than one foot, the Forest Department shall prescribe a separate royalty marker and affix it on the products sold.

29. The CFUG has the right to transport and sell the forest products of the Community Forest at local and international markets in accordance with the procedures of the Forest Department.

30. The CFUGs can, in accordance with the prescribed laws and procedures, freely form associations for commercial purposes (e.g. for better efficiency in producing forest products and manufacturing of value added products).

## Chapter (15)

## Funds

31. The fund owned by the CFUG shall be managed as follows:

    (a) The CFUG Bank account shall be opened and any incomes of the CFUG shall be held in the Bank account.

    (b) The bank account must be opened jointly by the chairman, the secretary and the treasurer of the MC. At least two of them shall be required to sign the bank transactions.

    (c) The treasurer shall keep a detailed account on the particulars pertaining to incomes and expenditures.

(ဃ) ဘဏ္ဍာရေးမှူးသည် အဖွဲ့ပိုင်ရန်ပုံငွေအနက် စီမံခန့်ခွဲမှုကော်မတီ၏ အဆုံးအဖြတ်ဖြင့် သင့်လျော်သောငွေကြေးပမာဏကို လက်ဝယ် ထား ရှိ၍ ယင်းပမာဏထက်ပိုသော ရန်ပုံငွေကို ဘဏ်တွင် အပ်နှံထားရှိရမည်။

(င) ဘဏ္ဍာရေးမှူးသည် ငွေစာရင်းရှင်းတမ်းကို စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးကျင်းပသည့် အခါတိုင်းတွင် တင်ပြရမည်ဖြစ်ပြီး အသုံးပြု သူများအဖွဲ့သို့ (၆)လလျှင် တစ်ကြိမ် တင်ပြအစီရင်ခံရမည်။

(စ) ရန်ပုံငွေများကို အသုံးပြုသူအဖွဲ့ဝင်များ၏ ဆန္ဒအရ အဖွဲ့ဝင်များ၏ ဝင်ငွေ အဖြစ်လည်းကောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် လည်းကောင်း၊ လှည့်ပတ်ရန်ပုံငွေအဖြစ် လည်ပတ် နိုင်ရန်လည်းကောင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း သို့မဟုတ် သစ်တောထွက်ပစ္စည်း အခြေခံသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအတွက် လည်းကောင်း ပြန်လည် ခွဲဝေနိုင်သည်။

(ဆ) ရန်ပုံငွေထည့်ဝင်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းကို အုပ်ချုပ် လုပ်ကိုင်မှု စီမံချက်တွင် ဖော်ပြထားသည့်အချိုးအတိုင်း ထည့်ဝင်ခြင်း၊ ခွဲဝေခြင်း ဆောင် ရွက်ရမည်။

## အခန်း (၁၆)
## ဈေးနှုန်းသတ်မှတ်ခြင်း

၃၂။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှ ထွက်ရှိသည့် သစ်တောထွက်ပစ္စည်း များကို ကာလပေါက်ဈေးနှုန်းဖြင့် လွတ်လပ်စွာရောင်းချနိုင်သည်။

(d) The treasurer can, by the decision of the MC, keep a certain amount of money in hand. Funds in excess of that amount shall be kept in the bank.

(e) The treasurer shall submit the particulars of financial accounts to every meeting of the MC and every (6) months to the User Group.

(f) By the consensus of the CFUG members, funds shall be allocated to the members as income, spent for community development, used as revolving-fund and reinvested in the establishment of forest plantations or to develop forest product-based enterprises.

(g) Contributing to the fund and benefit sharing shall be done either proportionately or equitably as prescribed in the MP.

## Chapter (16)

## Prices

32. The CFUG can freely sell the products of the Community Forest at current market prices.

အခန်း (၁၇)

## အရောင်းပြေစာများ

၃၃။ အသုံးပြုသူများအဖွဲ့သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောမှ ရောင်းချသည့် သစ်တောထွက်ပစ္စည်းအားလုံးအတွက် အသုံးပြုမည့် အရောင်းပြေစာများကို ပြေစာအမှတ်၊ စာအုပ်အမှတ်များ ပါဝင်သည့် သတ်မှတ်ထားသော ပြေစာကို ပုံစံ-ဃဖြင့် သက်ဆိုင်ရာ ခရိုင်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ပြီး ထုတ်ပေးရမည်။

၃၄။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောမှ ရောင်းချသည့် သစ်တောထွက်ပစ္စည်းအားလုံးအတွက် အသုံးပြုသူများအဖွဲ့က အရောင်းပြေစာများထုတ်ပေးရမည်။

၃၅။ မြို့နယ်ပြင်ပသို့ သယ်ယူမည့် သစ်တောထွက်ပစ္စည်းအတွက် အရောင်းပြေစာများကို မူရင်း၊ ပထမမူရင်းခွဲ၊ ဒုတိယမူရင်းခွဲ သုံးစုံပြုစု၍ ဝယ်ယူသူအား မူရင်းနှင့် မြို့နယ်သစ်တောအရာရှိအား ဒုတိယမူရင်းခွဲ တစ်စုံစီပေးပြီး ကျန်ပထမ မူရင်းခွဲ တစ်စုံကို စီမံခန့်ခွဲမှုကော်မတီ၏ လက်ခံအဖြစ် ထားရှိရမည်။ သစ်နှင့်တိုင်များဖြစ်ပါက သစ်ပေါ်တွင် ရိုက်မှတ်ထားသော သစ်တောဦးစီးဌာန၏ တံဆိပ်အမှတ်အသားကို အရောင်းပြေစာပေါ်တွင် မင်ဖြင့် ရိုက်မှတ် ဖော်ပြပေးရမည်။

၃၆။ မြို့နယ်အတွင်းသယ်ယူမည့် သစ်တောထွက်ပစ္စည်းများအတွက် အရောင်းပြေစာများကို မူရင်း၊ ပထမမူရင်းခွဲနှစ်စုံပြုစု၍ ဝယ်ယူသူအား မူရင်း တစ်စုံပေးပြီး ကျန်ပထမမူရင်းခွဲ တစ်စုံကို စီမံခန့်ခွဲမှုကော်မတီ၏ လက်ခံအဖြစ်ထားရှိရမည်။

အခန်း (၁၈)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းခွင့်

၃၇။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်းများကို သက်ဆိုင်ရာ အသုံးပြုသူများအဖွဲ့၏ အရောင်းပြေစာဖြင့် မြို့နယ်အတွင်း သယ်ယူရွှေ့ပြောင်းနိုင်သည်။

## Chapter (17)

## Receipts

33. For all the forest products sold from the Community Forest, the CFUG shall issue the receipts in the prescribed format, Form D, after receipt numbers and book numbers to be issued have been registered at the District Forest Office.

34. For all the forest products sold from the Community Forest, the CFUG must issue sale vouchers.

35. For the forest products that are to be transported out of the township, a set of three receipts- original, duplicate and triplicate- shall be issued; the original receipt will be issued to the buyer, the triplicate to the Township Forest Officer and the duplicate kept with the MC. If the product is timber or post, the mark of the Forest Department affixed on the product shall be inked on the receipt.

36. For forest products that are to be transported within the township, a set of two receipts- original and duplicate- shall be issued; the original receipt must be given to the buyer, while the original duplicate must be kept with the MC as an office copy.

## Chapter (18)

## Permission for transportation of Forest Products of the Community Forest

37. Forest products of the Community Forest can be transported within the township with the receipt of the CFUG.

၃၈။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်းများကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူပြောင်းရွှေ့လိုလျှင် သစ်တောဥပဒေအရ မျှောစာဖြင့် သယ်ယူရွှေ့ပြောင်းရမည်။ သို့ရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှ ထွက်ရှိခြင်း မဟုတ်သည့် သစ်တောထွက်ပစ္စည်းများနှင့်အတူတွဲ၍ သယ်ယူမည်ဆိုပါက ယင်းပစ္စည်းကို တရားဝင်ပိုင်ဆိုင်ကြောင်း အထောက်အထားများနှင့်တကွ မြို့နယ်သစ်တောအရာရှိထံ အသိပေးတင်ပြရမည်။ သက်ဆိုင်ရာ မြို့နယ်သစ်တောအရာရှိသည် အသုံးပြုသူများအဖွဲ့၏ မူရင်းအရောင်းပြေစာအား အထောက်အထားပြု၍ သယ်ယူမည့်သစ်တောထွက်ပစ္စည်းအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ မျှောစာကို ထုတ်ပေးရမည်။

အခန်း(၁၉)

## တားမြစ်ချက်များ

၃၉။ အသုံးပြုသူများအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ တားမြစ်ချက်များကို မပြုလုပ်ရ-

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအတွက် ခွင့်ပြုမြေကို အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်၌ ဖော်ပြထားသည့်ကိစ္စများမှလွဲ၍ အခြားကိစ္စရပ်များ/ လုပ်ငန်းများ အတွက်အသုံးပြုခြင်း၊

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံ ခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊

(ဂ) သတ္တု၊ ကျောက်၊ သဲ၊ ဖြုန်းနှင့် သယံဇာတ တူးဖော်ခြင်း၊

(ဃ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ထိန်းသိမ်းရေး လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း၊

(င) တည်ဆဲဥပဒေများအရ နိုင်ငံတော်မှ တားမြစ်ကန့်သတ်ထားသော သီးနှံနှင့် အပင်အမျိုးအစားများစိုက်ပျိုးခြင်း။

38. Forest products of the Community Forest to be transported to areas outside the township, within the country, need a removal pass according to the Forest Law. However, if the CF products are to be transported together with forest products from other sources, documents supporting legality of the latter must be submitted to the concerned Township Forest Officer (TFO). Based on the original sale voucher, the TFO shall issue removal pass to transport the forest products in accord with the procedure.

## Chapter (19)

## Prohibitions

39. The CFUG or the CFUG member shall not engage in the following activities, in connection with Community Forestry:

(a) Utilizing the land allotted for the Community Forest for other purposes/ activities, except for those prescribed in the MP;

(b) Selling or renting or mortgaging or handing over or donating of the Community Forest;

(c) Mining of metals, pebbles or stones, sand, gravels and other resources;

(d) Construction of permanent buildings or settlements which are not relevant to the establishment and conservation of the Community Forest;

(e) Planting of crops and trees which are prohibited under the existing laws.

အခန်း (၂၀)

## အရေးယူခြင်း

၄၀။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါ စည်းကမ်းချက်များနှင့် သစ်တောဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ခွင့်လက်မှတ်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်ပါက ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းကို ပယ်ဖျက်သည်အထိ အရေးယူခြင်းခံရမည်။

၄၁။ သစ်တောဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ဖောက်ဖျက်ကျူးလွန်ပါက ယင်းဥပဒေတွင် သတ်မှတ်ထားသောပြစ်ဒဏ်များကိုကျခံရမည်။

အခန်း (၂၁)

## ပယ်ဖျက်ခြင်း

၄၂။ သစ်တောနယ်မြေပြင်ပတွင် တည်ထောင်ထားသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအား အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါအတိုင်း ဆောင်ရွက်ခြင်း မရှိ၍ဖြစ်စေ၊ ဆောင်ရွက်ခွင့်လက်မှတ်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်၍ ဖြစ်စေ၊ အသုံးပြုသူအဖွဲ့ဝင်များမှ ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိ၍ တင်ပြလာလျှင် ဖြစ်စေ ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ပြီး သစ်တောဦးစီးဌာနသည် ကြိုးပြင် ကာကွယ်တောအဖြစ် ဖွဲ့စည်းခြင်း သို့မဟုတ် သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသော မြေအဖြစ် ပြောင်းလဲဆောင်ရွက်ရန် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်။

၄၃။ သစ်တောနယ်မြေတွင် တည်ထောင်ထားသော ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းအား အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါအတိုင်း ဆောင်ရွက်ခြင်း မရှိ၍ဖြစ်စေ၊ ဆောင်ရွက်ခွင့်လက်မှတ်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ချိုးဖောက်၍ ဖြစ်စေ၊ အသုံးပြုသူအဖွဲ့ဝင်များမှ ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိ၍ တင်ပြလာလျှင်ဖြစ်စေ ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ပြီး မူလသစ်တောနယ်မြေ သတ်မှတ်ချက်အတိုင်း တည်ရှိစေရမည်။

## Chapter (20)

## Penalties

40. Violation of the Community Forestry Instructions, prescriptions of the MP, and directives and instructions periodically issued by the Forest Department can lead to legal actions which could include the termination of the Community Forestry.

41. Any violation of the forest law and forest rules shall result in punishment in accordance with the terms mentioned therein.

## Chapter (21)

## Cancellation

42. If the CFUG of the CF established outside the forest land does not perform in accordance with the MP prescriptions or if the CFUG does not want to continue the CF, the Forest Department can constitute the land as a Protected Public Forest or keep the land under its management.

43. If the CFUG of the CF established inside the forest land does not perform in accordance with the MP prescriptions or if the CFUG does not want to continue the CF, the land shall retain its original status.

## အခန်း (၂၂)

## မှတ်တမ်းများ

၄၄။ စီမံခန့်ခွဲမှုကော်မတီ၊ အတွင်းရေးမှူးသည် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ပါရှိသည့် သက်ဆိုင်ရာ နောက်ဆက်တွဲပုံစံများတွင် စိုက်ပျိုးခြင်း၊ ပြုစုခြင်း၊ ထုတ်လုပ်ခြင်းနှင့် အကျိုးအမြတ်ခွဲဝေခြင်းစသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ မှတ်တမ်းအပြည့်အစုံကို ဖြည့်သွင်းရမည်။

၄၅။ မြို့နယ်သစ်တောအရာရှိနှင့် ခရိုင်သစ်တောအရာရှိတို့သည် ဒေသခံပြည်သူ အစု အဖွဲ့ပိုင် သစ်တောလုပ်ငန်းနှင့် မှတ်တမ်းများ စစ်ဆေးခြင်းကို (၃)လတစ်ကြိမ် ဆောင်ရွက်ပြီး လိုအပ်ချက်များကို အကြံပေးခြင်း၊ ပြုပြင်စေခြင်းများ ဆောင်ရွက် ရမည်။

## အခန်း (၂၃)

## ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တိုးတက်မှုအစီရင်ခံစာများ

၄၆။ အသုံးပြုသူများအဖွဲ့၊ စီမံခန့်ခွဲမှုကော်မတီသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း တိုးတက်မှု အစီရင်ခံစာကို ပုံစံ-င ပါ သတ်မှတ်ချက်များနှင့်အညီ ပြုစု၍ မြို့နယ် သစ်တောအရာရှိမှ တစ်ဆင့် ခရိုင်သစ်တောအရာရှိထံ ဘဏ္ဍာနှစ်ကုန်ဆုံးပြီး နှစ်လ အတွင်း တင်ပြရမည်။

၄၇။ ခရိုင်သစ်တောအရာရှိသည် အသုံးပြုသူများအဖွဲ့ ဥက္ကဋ္ဌက တင်ပြသော တိုးတက်မှု အစီရင်ခံစာနှင့် ယင်းအပေါ် မိမိသုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောအရာရှိမှ တစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း တင်ပြရမည်။ ခရိုင်သစ်တော အရာရှိ၏ သုံးသပ်ချက်ကို အသုံးပြုသူ များ အဖွဲ့သို့ အသိပေးရမည်။

## Chapter (22)

## Records

44. The secretary of the Management Committee shall fill-in the detailed records of planting, tending and harvesting and benefit sharing activities, in the forms attached to the MP.

45. The Township Forest Officer and the District Forest Officer shall inspect the Community Forest and its records once in every three months, and make suggestions and corrections as necessary.

## Chapter (23)

## Reports

46. Within two months after completion of the fiscal year, the MC shall submit the progress report of Community Forestry to the District Forest Officer through the Township Forest Officer, using Form-E

47. Within three months after completion of the fiscal year, District Forest Officer shall submit the progress report of the CFUG together with his/her comments and recommendations, to the Director-General through the Union territory (Nay Pyi Taw) State/ Regional Forest Officer. The comments and recommendations of the District Forest Officer shall be informed to the CFUG.

အခန်း(၂၄)

**အထွေထွေ**

၄၈။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၆ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၆)ဖြင့် ထုတ်ပြန်ခဲ့သော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ယခုထုတ်ပြန်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

ပုံ(အုန်းဝင်း)
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## Chapter (24)

## Miscellaneous

48. The Community Forestry Instructions (2016) is hereby repealed.

(Sd.) Ohn Winn

Union Minister

Ministry of Natural Resources and Environmental Conservation

The Government of the Republic of the Union of Myanmar

ပုံစံ-က

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်**

စာအမှတ်၊

ရက်စွဲ၊

မှတစ်ဆင့် မြို့နယ်သစ်တောအရာရှိ...............မြို့နယ်

သို့

လက်ထောက်ညွှန်ကြားရေးမှူး

သစ်တောဦးစီးဌာန

-----------------ခရိုင်

----------------ပြည်ထောင်စုနယ်မြေနေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ်

အကြောင်းအရာ။ **ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်ခွင့် လျှောက် ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍----------------မြို့နယ်------------- ကျေးရွာမှ အိမ်ထောင်စု( )စုပါဝင်သည့် အသုံးပြုသူများအဖွဲ့သည် အောက်ဖော်ပြပါ နေရာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်နှင့် အညီ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဆောင်ရွက်လိုပါသောကြောင့် ခွင့်ပြုပေးနိုင်ပါရန် မြေပုံနှင့် တကွ ပူးတွဲတင်ပြ လျှောက်ထား အပ်ပါသည်။

(က) မြို့နယ် --------------------------------------------

(ခ) ကျေးရွာ -------------------------------------------

(ဂ) တည်နေရာ(သစ်တောနယ်မြေ/------------------------

အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ)-----------------------

Form (A)

The Government of the Republic of the Union of Myanmar
Ministry of Natural Resources and Environmental Conservation
Forest Department

**Request for Establishment of the Community Forest**

Reference No…………
Date.………..

Through the Township Forest Officer, ……………..Township
To

Assistant Director
Forest Department
…………….. District
…………….. the Union territory (Nay Pyi Taw), Region/ State

Subject : **Application for the establishment of the Community Forest**

1. Regarding the above subject, User Group comprised of (…….) households of……………village, ………………Township, hereby apply with the attached map, for the establishment of the Community Forest, at the following location, in accordance with the Community Forestry Instructions.

(a) Township ------------------------------------------
(b) Village ------------------------------------------
(c) Location (Forest Land at the disposal of government) ------------------------------

(ဃ) နယ်မြေလားရာ အရှေ့---------------------------------
အနောက်-----------------------------
တောင်-------------------------------
မြောက်--------------------------------

(င) ဧရိယာ-----------------------------------------------------

(စ) သစ်တောအမျိုးအစား/------------------------------------
ပေါက်ရောက်သည့်အပင်များ--------------------------------

(ဆ) မြေပိုင်ဆိုင်မှု------------------------------------------------

( ဇ ) အသုံးပြုသူများအဖွဲ့တွင် ပါဝင်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာလက်မှတ် |
|---|---|---|---|---|
| (၁) | | | | |
| (၂) | | | | |
| (၃) | | | | |
| (၄) | | | | |
| (၅) | | | | |
| (၆) | | | | |
| (၇) | | | | |
| (၈) | | | | |
| (၉) | | | | |
| (၁၀) | | | | |

၂။ လျှောက်ထားသည့်အတိုင်း ခွင့်ပြုပါက အသုံးပြုသူများအဖွဲ့သည် သစ်တော ဥပဒေ၊ နည်းဥပဒေများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ ကျေးရွာလူထု ရေရှည်အကျိုးငှာ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး အတွက် အစွမ်းကုန် စုပေါင်းဆောင်ရွက်ရန် ကတိပြုပါကြောင်း ဖော်ပြအပ်ပါသည်။

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ ထိုးမြဲလက်မှတ်------------------
အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ အမည်------------------------
ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်။

(d) Boundary

East -------------------------------------

West -------------------------------------

South -------------------------------------

North -------------------------------------

(e) Area -------------------------------------

(f) Type of forest / -------------------------------------

Natural Vegetation -------------------------------------

(g) User Group members-------------------------------------

(h) User Group members are as follows:

| Sr. No. | Name | Father's Name | National Registration Card No. | Address | Signature |
|---|---|---|---|---|---|
| (1) | | | | | |
| (2) | | | | | |
| (3) | | | | | |
| (4) | | | | | |
| (5) | | | | | |
| (6) | | | | | |
| (7) | | | | | |
| (8) | | | | | |
| (9) | | | | | |
| (10) | | | | | |

2. If the application is approved, the User Group hereby declares to abide by the Forest Law, Forest Rules, Community Forestry Instructions and regulations, and to strive for the development of the Community Forestry, in order to achieve long term benefits of the village people.

Signature of the Chairman of User Group …………

Name of the Chairman of User Group ………

Date: Year……., Month …., Day……..

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်
ပါဝင်ရမည့် အကြောင်းအရာများ

၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ တည်နေရာနှင့်အကျယ်အဝန်း

၄။ ရာသီဥတု (အပူချိန်၊ မိုးရေချိန်)

၅။ မြေမျက်နှာပြင်အနေအထား

၆။ မြေအမျိုးအစား

၇။ လက်ရှိသစ်ပင်ပေါက်ရောက်မှုအခြေအနေ
(လက်ရှိသစ်တောသယံဇာတကို သစ်မျိုးအလိုက်ကောက်ယူမှတ်တမ်းတင်ခြင်း)

၈။ သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း

(က) သစ်တောစိုက်ခင်းတည်ထောင်ခြင်း

(၁) မျိုးဥယျာဉ် တည်ထောင်ခြင်း

(၂) စိုက်ခင်းမြေနေရာ ပြုပြင်ခြင်း

(၃) စိုက်ခင်းတည်ထောင်ခြင်း

(၄) ပေါင်းသင်ရှင်းလင်းခြင်း

(၅) မီးကာကွယ်ခြင်း

(၆) ပြုစုပျိုးထောင်နည်းစနစ်
(ပင်ကျပ်နှုတ်ခြင်း၊ ကိုင်းဖြတ်ခြင်း၊ ငုတ်တက်ချွန်ခြင်း စသည်)

(၇) ခုတ်ပတ်သတ်မှတ်ခြင်း

(၈) ခုတ်လှဲခြင်း

(၉) ဖြန့်ဖြူးခြင်း

(ခ) သဘာဝတော သစ်တောကို ထိန်းသိမ်းပြုစုခြင်း

(၁) အနားပေးရန်တောကိုပြုစုခြင်း

Form B

**Management Plan of Community Forest**

The Contents

1. Introduction
2. Objective
3. Location and are extent
4. Climate (Temperature, Rainfall
5. Topography
6. Soil type
7. Conditions of the present vegetation
   (Forest inventory of each forest tree species)
8. Activities of Forest Operation
   (A) Establishment of forest plantation
      (i) Establishment of nursery
      (ii) Preparation of plantation site
      (iii) Planting
      (iv) Weeding
      (v) Fire protection
      (vi) Tending method (thinning, pruning, coppicing etc.
      (vii) Rotation
      (viii) Felling
      (ix) Distribution
   (B) Conservation of existing forest
      (i) Tending before rest period

(၂) အစားထိုးစိုက်ပျိုးရန်နေရာတွင် သစ်တောအသစ်တည်ထောင်ခြင်း (စိုက်ခင်းအသစ် တည်ထောင်သည့်အတိုင်း ဆောင်ရွက်ရန်)
(၃) ပြုစုပျိုးထောင်နည်းစနစ်
(၄) ခုတ်လှဲခြင်း
(၅) ဖြန့်ဖြူးခြင်း

၉။ အသုံးပြုသူအဖွဲ့အတွင်း စည်းမျဉ်းစည်းကမ်းများ

၁၀။ ငွေကြေးစီမံခန့်ခွဲခြင်း
(က) အသုံးပြုသူများ အဖွဲ့အတွင်း အကျိုးအမြတ် ခွဲဝေမည့်စနစ်
( ခ) အသုံးပြုသူများ အဖွဲ့အတွင်း အကျိုးအမြတ် ခွဲဝေမည့် အချိုး
( ဂ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွင် ပြန်လည်ထည့်ဝင်မည့် အချိုး
(ဃ) ဒေသခံပြည်သူအစုအဖွဲ့ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ပြန်လည်ထည့်ဝင်မည့် အချိုး
( င) လှည့်ပတ်ရန်ပုံငွေအဖြစ် သတ်မှတ်မည့် အချိုးနှင့် စနစ်
( စ) သစ်တောထွက်ပစ္စည်းအခြေခံစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြန်လည် ရင်းနှီးမြှုပ်နှံမည့်အချိုး

၁၁။ နိဂုံး

၁၂။ နောက်ဆက်တွဲများ
(က) တည်နေရာပြမြေပုံ
(ခ) ပါဝင်ပင်ပြမြေပုံ
(ဂ) အုပ်ချုပ်လုပ်ကိုင်မှုပြမြေပုံ
(ဃ) အသုံးပြုသူများအဖွဲ့ဝင်တစ်ဦးချင်းအလိုက် မြေနေရာခွဲခြားခြင်းပြမြေပုံ(လိုအပ်ပါက)
(င) အသုံးပြုသူများ အဖွဲ့ဝင်တစ်ဦးချင်းအလိုက် မြေနေရာခွဲဝေပေးခြင်း စာရင်း (လိုအပ်ပါက)
(စ) နှစ်အလိုက်ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်မှုအခြေပြဇယား
(၁) စိုက်ပျိုးခြင်းလုပ်ငန်း
(၂) ပြုစုခြင်းလုပ်ငန်း
(၃) ထုတ်လုပ်ခြင်းလုပ်ငန်း
(၄) အကျိုးအမြတ်ခွဲဝေမှု

(ii) Forest establishment in remuneration area (Follow the steps for establishment of new forest plantation)

(iii) Cultural methods

(iv) Felling

(v) Distribution

9. Rules and regulations of User Group

10. Fund management

(a) Benefit sharing system of the User Group

(b) Benefit sharing ratio of the User Group

(c) Reinvestment ratio for the community forestry

(d) Reinvestment ratio for community development programs

(e) Ratio and System designated for revolving fund

(f) Reinvestment ratio for forest product-based enterprise

11. Conclusions

12. Annexes

(a) Location map

(b) Stock map

(c) Management map

(d) Land allocation map for individual User Group member (if necessary)

(e) List of land allocation by individual User Group member (if necessary)

(f) List of activities by year

(i) Planting

(ii) Tending

(iii) Harvesting

(iv) Benefit sharing

ပုံစံ-၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သစ်တောဦးစီးဌာန

ရုံးတံဆိပ်                                        အမှတ်စဉ်

## လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်

ဦး/ ဒေါ် …………………………..

ဥက္ကဋ္ဌ

……………………….. အသုံးပြုသူများအဖွဲ့

……………………….. ကျေးရွာ

……………………….. မြို့နယ်

………….ခရိုင်၊………ပြည်ထောင်စုနယ်မြေ/နေပြည်တော် /တိုင်းဒေသကြီး/ပြည်နယ်။

၁။ သစ်တောဥပဒေပုဒ်မ ၅၈ **(ခ)** နှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တော လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျွန်ုပ်သည် လူကြီးမင်းပါ(…….)ဦးဖြင့် ဖွဲ့စည်းထားသည့် အသုံးပြုသူများအဖွဲ့ကို အောက်ဖော်ပြပါနေရာဒေသတွင် ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်ပြု၍ အဖွဲ့ဝင်များအဖြစ် အပိုဒ် (၁) အပိုဒ်ခွဲ(င)တွင်ဖော်ပြပါရှိသည့် အသုံးပြုသူများအဖွဲ့၏ စီမံအုပ်ချုပ်မှု အောက်တွင် ထားရှိလို က်ပါသည်။ ဤလက်မှတ်အား …….ခုနှစ်…….လ၊ …..ရက်နေ့တွင် အတည်ပြုခဲ့သော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် ထုတ်ပေးခြင်းဖြစ်ပါသည်။

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏အမည် ……………..…..။

( ခ ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏တည်နေရာ ………..…..။
(တစ်လက်မတစ်မိုင် မြေပုံပူးတွဲ)

(ဂ) နယ်နိမိတ် အရှေ့…………………………………….။
အနောက်……………………………..…..။
တောင်……………………………….…..။
မြောက်………..…………………….။(လေးလက်မတစ်မိုင်မြေပုံပူးတွဲ)

(ဃ) ဧရိယာ ………….................................။

( င ) အသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်များစာရင်း
…………ကျေးရွာမှ…..…..….(ပါ) …….ဦး(စာရင်းအသေးစိတ်ပူးတွဲ)

၂။ ဆောင်ရွက်ခွင့်လက်မှတ်ထုတ်ပေးသည့်နေ့ ……………………..

၃။ ဆောင်ရွက်ခွင့်လက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ …………………..

<u>လက်မှတ်ထုတ်ပေးသည့် သစ်တောအရာရှိ</u>

လက်မှတ်-

အမည်-

ရာထူး-

ရက်စွဲ-

FORM-C

The Government of the Republic of the Union of Myanmar
Ministry of Natural Resources and Environmental Conservation
Forest Department

Officer seal

Sr. No.

# Community Forestry Certificate

Mr. / Ms. …………….
Chairperson
……………………. User Group
……………………. Village
……………………. Township

…………. District … the Union territory (Nay Pyi Taw) Region/ State

1. In accordance with section 50, sub-section (b) of the Forest Law and Community Forestry instructions, I hereby certify the User Group of (……) members, including you, to establish a Community Forest in the following location, and keep the area under the management of the User Group as mentioned in paragraph (1), subparagraph (e). This document is issued to implement the management plan confirmed on (day/month/ year).

   (a) Name of Community Forest
   (b) Location of Community Forest
   (map of 1: 63,360 scale attached)
   (c) Boundary East…………………………..,
   West………………………………….,
   South……………………………..,
   North………(map of 1: 15,840 scale attached)
   (d) Area
   (e) List of User Group members
   From ……..…village, including Mr. /Ms.…….. and…..persons (detailed list attached))

2. Date of issue of Certificate …………………………………
3. Date of expiry of Certificate …………………………………

Certifying forest officer
Signature - …………………….
Name - ……………………
Designation - ……………………
Date - ……………………

ကျောဘက်

## သက်တမ်းတိုးမြှင့်ခြင်း

| စဉ် | သက်တမ်းတိုးမြှင့်ပေးသည့် ရက်စွဲ | သက်တမ်း ကုန်ဆုံးသည့်နေ့ | ခွင့်ပြုသည့်အရာရှိ လက်မှတ်နှင့်နေ့စွဲ |
|---|---|---|---|
| | | | |
| | | | |
| | | | |

## တားမြစ်ချက်များ

အသုံးပြုသူများအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်း နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါတားမြစ်ချက်များကို မပြုလုပ်ရ-

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအတွက် ခွင့်ပြုမြေကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်၌ဖော်ပြထားသည့်ကိစ္စများမှလွဲ၍ အခြား ကိစ္စရပ်များ/ လုပ်ငန်းများ အတွက် သုံးစွဲခြင်း၊

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊

(ဂ) သတ္တု၊ ကျောက်၊ သဲ၊ ဖြုန်းနှင့် သယံဇာတ တူးဖော်ခြင်း၊

(ဃ) ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော တည်ထောင် ထိန်းသိမ်းရေး လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်း၊

(င) တည်ဆဲဥပဒေများအရ နိုင်ငံတော်မှ တားမြစ်ကန့်သတ်ထားသော သီးနှံနှင့် အပင် အမျိုးအစားများစိုက်ပျိုးခြင်း။

Verso

Extension

| Sr. No. | Date of extension | Date of expiry | Signature and date of authorized officer |
|---|---|---|---|
| | | | |
| | | | |
| | | | |

**Prohibitions**

The CFUG or the CFUG member shall not engage in the following activities, in connection with Community Forestry:

(a) Utilizing the land allotted for the Community Forest for other purposes/ activities, except for those prescribed in the MP;

(b) Selling or renting or mortgaging or handing over or donating of the Community Forest;

(c) Mining of metals, pebbles or stones, sand, gravels and other resources;

(d) Construction of permanent buildings or settlements which are not relevant to the establishment and conservation of the Community Forest;

(e) Planting of crops and trees which are prohibited under the existing laws.

ဆောင်ရွက်ခွင့်လက်မှတ်အမှတ်စဉ်

ပူးတွဲ

…………..…ကျေးရွာမှ ……………..……(ပါ)……..ဦးအသုံးပြုသူအဖွဲ့ဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ်လိပ်စာ | လက်မှတ် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

**<u>လက်မှတ်ထုတ်ပေးသည့် သစ်တောအရာရှိ</u>**

လက်မှတ်-

အမည်-

ရာထူး-

ရက်စွဲ-

Attach

Serial number of Community Forestry Certificate

List of User Group members, from ……… village, including Mr. /Ms. ……….. and…….persons.

| **Sr. No.** | **Name** | **Father's Name** | **National Registration Card number** | **Address** | **Signature** |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

Certifying forest officer

Signature - ………………….

Name - ………………….

Designation - ………………….

Date - ……………………….

ပုံစံ-ဃ

**မူရင်း/ပထမမူရင်းခွဲ/ဒုတိယမူရင်းခွဲ**

**…………နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်၊……….ခရိုင်၊………..မြို့နယ်၊ …………………အသုံးပြုသူများအဖွဲ့၏ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းမှ ရောင်းချသည့်သစ်တောထွက်ပစ္စည်းအရောင်းပြေစာ၊**

စာအုပ်နံပါတ်- ……… ပြေစာနံပါတ်-………………

နေ့စွဲ-…………………

ဝယ်ယူသူအမည်- …………………

နေရပ်- …………………………………

| **စဉ်** | **အမျိုးအမည်** | **လုံးပတ် x မြက်X ဒု** | **အလျား (ပေ)** | **အရေ အတွက်** | **ရေတွက်ပုံ** | **ကုဗပေ** | **နှုန်း** | **သင့်ငွေ** |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ ထိုးမြဲလက်မှတ်---------------

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ အမည် ---------------

****မှတ်ချက်။** ။ အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဥက္ကဋ္ဌမှ တာဝန်ပေးသူ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးနိုင်သည်။ ပြေစာတွင် ရေးသွင်းရန် မလုံလောက်ပါက စာမျက်နှာဆက်၍ သုံးစွဲခြင်းမပြုရ။ နောက်ထပ် ပြေစာတစ်စောင် အသုံးပြုရေးသားရမည်။

Form-D

**Origin/ Duplicate/ Triplicate**
**…… the Union territory (Nay Pyi Taw) Region/ State, ………… District, ………Township**
**Receipt of the forest products sold by the User Group of ……….Community Forest**

Book No. - ……………… Receipt No. - ………..

Date -…………..

Name of customer - ……………………

Address - ……………………

| Sr. No. | Item | Girth x Width x Thickness | Length (feet) | Quantity | Unit | Cubic feet | Unit Price | Total |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

Signature of the Chairman of User Group ………………

Name of the Chairman of User Group ………………

****Remarks**—A management committee member may sign the receipt on behalf of the chairman with the latter's prior approval. If a receipt is not enough, use another receipt. Attaching additional pages to the original receipt is prohibited.

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတိုးတက်မှုအစီရင်ခံစာ

ပါဝင်ရမည့် အကြောင်းအရာများ

၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ အမည်၊တည်နေရာနှင့် အကျယ်အဝန်း

၄။ သစ်တောလုပ်ငန်းဆောင်ရွက်ခြင်း

(က) သစ်တောစိုက်ခင်း

(၁) ဧရိယာ (သစ်မျိုးအလိုက်)

(၂) ဆောင်ရွက်ပြီးစီးမှုနှင့် ရည်မှန်းချက်

(၃) စိုက်ခင်းအခြေအနေ သုံးသပ်ချက်

(၄) အောင်မြင်မှုရာခိုင်နှုန်း၊

(၅) ပျမ်းမျှအမြင့်၊ လုံးပတ်၊ ထုထည်

(ခ) သဘာဝတော

(၁) ဧရိယာ

(၂) ပါဝင်သော သစ်မျိုးများ

(၃) ပြုစုပျိုးထောင် နည်းစနစ်များ

(၄) ဆောင်ရွက်ပြီးစီးမှုနှင့် ရည်မှန်းချက်

(၅) တောအခြေအနေ သုံးသပ်ချက်

၅။ ထုတ်ယူသည့်သစ်/ သစ်တောထွက်ပစ္စည်းပမာဏ

၆။ သစ်/ သစ်တောထွက်ပစ္စည်း ဖြန့်ဖြူးခြင်း

(က) အဖွဲ့အတွင်း (ပမာဏ)

(ခ) ကျေးရွာအတွင်း (ပမာဏနှင့်ရငွေ)

(ဂ) ပြင်ပ (ပမာဏနှင့်ရငွေ)

(ဃ) အသုံးပြုခဲ့သည့် ပြေစာအရေအတွက်နှင့် ပြေစာအလိုက် ရောင်းချခဲ့သည့် ပမာဏစာရင်း

Form E

# Progress Report of Community Forestry

The Contents

1. Introduction
2. Objective
3. Name, Location and Area Extent
4. Activities of Forest Operation
   - (a) Forest Plantation
     - (i) Area (by species)
     - (ii) Accomplishment and Target
     - (iii) Assessment on conditions of the plantation
     - (iv) Survival percentage
     - (v) Average Height, Girth and Volume
   - (b) Natural Forest
     - (i) Area
     - (ii) Existing tree species
     - (iii) Cultural operations
     - (iv) Accomplishment and Target
     - (v) Assessment on conditions of the forest
5. Harvested quantity of wood/forest products
6. Distribution of wood/ forest products
   - (a) Within the group (Quantity)
   - (b) Within the village (Quantity and Income)
   - (c) Outside the village (Quantity and income)
   - (d) Number of receipts used and list of sale quantity by receipt

၇။ ရန်ပုံငွေအခြေအနေ

(က) နှစ်စလက်ကျန်

(ခ) ဝင်ငွေ/ ထွက်ငွေ ရှင်းတမ်းစာရင်းချုပ်

(ဂ) အသုံးပြုသူများ အဖွဲ့အတွင်းငွေကြေးဆိုင်ရာအကျိုးအမြတ်ခွဲဝေမှု

(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှု

(င) ဒေသခံပြည်သူအစုအဖွဲ့ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပြန်လည် ထည့်ဝင်မှု

(စ) လှည့်ပတ်ရန်ပုံငွေအဖြစ် လည်ပတ်ဆောင်ရွက်နေမှု

(ဆ) သစ်တောထွက်ပစ္စည်းအခြေခံစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် ပြန်လည်ရင်းနှီးမြှုပ်နှံမှု

၈။ အသုံးပြုသူများအဖွဲ့နှင့် အဖွဲ့ဝင်များအခြေအနေ

၉။ အထွေထွေ

၁၀။ နိဂုံး

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏ ထိုးမြဲလက်မှတ်----------

အသုံးပြုသူများအဖွဲ့ဥက္ကဋ္ဌ၏အမည်---------------

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်။

7. Financial Statement

(a) Opening balance at the beginning of fiscal year

(b) Summary of incomes and expenditures

(c) Profit sharing within the User Group

(d) Reinvestment in the community forestry

(e) Reinvestment in community development programs

(f) Activities and status of revolving fund

(g)Reinvestment in establishment of forest product-based enterprises

8. Status of User Group and its members

9. Miscellaneous

10. Conclusions

Signature of the Chairman of the User Group …………….

Name of the Chairman of the User Group ……………….

Date: Year…………,Month……………., Day…………..